# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၅] ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်) } သောကြာနေ့ [အတွဲ ၇၆

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၅၀/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်)

**ပုဂ္ဂလိကပညာရေးဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပုဂ္ဂလိကပညာရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနကို ဆိုသည်။

(ဂ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးဌာနက ဖွဲ့စည်းသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

( င ) **ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မှတ်ပုံတင် တည်ထောင်ထားသည့် ကျောင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကျောင်းခွဲများလည်း ပါဝင်သည်။

( စ ) **ပုဂ္ဂလိကပညာရေး** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများက ဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ဖော်ဆောင်သော ပညာရေးကို ဆိုသည်။

(ဆ) **တည်ထောင်သူ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အရင်းအနှီးထည့်ဝင်ပြီး တည်ထောင်ဖွင့်လှစ်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

( ဇ ) **စီမံအုပ်ချုပ်သူ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စများကို တာဝန်ခံဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **ပုဂ္ဂလိကကျောင်းဆရာ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်ရန် သက်ဆိုင်ရာဥပဒေပါ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး ဤဥပဒေအရ မှတ်ပုံတင်ထားသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ည) **ထပ်ဆောင်းဘာသာရပ်** ဆိုသည်မှာ သတ်မှတ်ထားသော ကျောင်းသင်ဘာသာရပ်များအပြင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထပ်ဆောင်းသင်ကြားပေးသော ဘာသာစကားနှင့် ဘာသာရပ်များကို ဆိုသည်။

( ဋ ) **ထပ်ဆောင်းသင်ခန်းစာများ** ဆိုသည်မှာ ကျောင်းသင် ဘာသာရပ်ပါ သင်ခန်းစာများအပြင် ထပ်ဆောင်းသင်ကြားသည့် သင်ခန်းစာများ၊ ထပ်ဆောင်း ဘာသာရပ်တွင် သင်ကြားသည့် သင်ခန်းစာများကို ဆိုသည်။

( ဌ ) **ကြော်ငြာ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ လူတစ်ဦး သို့မဟုတ် လူအများကိုသိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းကို ဆိုသည်။

## အခန်း (၂)
## ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များ

၃။ ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးတွင် ပုဂ္ဂလိက ကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အသိပညာ အတတ်ပညာများ တတ်မြောက်သော ပညာတတ်များမွေးထုတ်၍ နိုင်ငံတော်၏ လူမှုစီးပွား မြင့်မားတိုးတက်လာစေရန်၊

( ခ ) ပညာရေးကဏ္ဍအသီးသီးတွင် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ စနစ်တကျ ဖွံ့ဖြိုးပြီး နိုင်ငံတကာအဆင့်မီပညာရေးကို အကောင်အထည်ဖော်ရန်၊

( ဂ ) အမျိုးသားပညာရေးဆိုင်ရာမူဝါဒနှင့်အညီ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊

(ဃ) အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်သည့် စဉ်းစားတွေးခေါ်မှုကို အားပေးသော အသိပညာ အတတ်ပညာများ သင်ကြားတတ်မြောက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊

( င ) ပညာရပ်အသီးသီးကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုရေးအတွက် ဦးတည်သင်ကြား လေ့ကျင့်ပေးရန်။

## အခန်း (၃)

## ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများ

၄။ ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ ပညာရေးမူဝါဒများနှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ၊ သင်ယူသူနှင့်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးကို စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး၊

(ဂ) ပညာရေးနယ်ပယ်အသီးသီးတွင် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာပူးပေါင်းပါဝင်ဆောင်ရွက်မှု မြင့်တင်ရေး၊

(ဃ) နိုင်ငံတကာအသိအမှတ်ပြုပြီး အရည်အသွေးအာမခံချက်ရှိသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများ ပေါ်ထွက်လာရေး၊

(င) နိုင်ငံသားတိုင်း လွတ်လပ်စွာ ပညာသင်ယူခွင့်ရရှိပြီး တစ်သက်တာ စဉ်ဆက်မပြတ် လေ့လာသင်ယူ နိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ တည်ထောင်သူများ၊ စီမံအုပ်ချုပ်သူများ၊ ပုဂ္ဂလိက ကျောင်းဆရာများ၊ ဝန်ထမ်းများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊

(ဆ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသား မိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊

(ဇ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သင်ယူသူ၏ ဆန္ဒကို အခြေခံပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ ကျင့်သုံးစေရေး၊

(ဈ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေး၊ နိုင်ငံရေး လွှမ်းမိုးမှုနှင့် ယင်းတို့၏ ဝင်ရောက် စွက်ဖက်မှုတို့မှ ကင်းလွတ်စေရေး။

## အခန်း (၄)

## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစား

၅။ (က) ဤဥပဒေနှင့်အညီမှတ်ပုံတင်ရမည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်း၊

(၂) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်း၊

(၃) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊

(၄) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

(ခ) ပုဒ်မခွဲ(က)ပါ မှတ်ပုံတင်ရမည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အမျိုးအစားများတွင် အကျိုးအမြတ်ယူသော ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းရရှိလာသောအကျိုးအမြတ်များကို တစ်စုံတစ်ရာ ရယူခံစားခြင်းမရှိဘဲ ယင်းကျောင်း၏ ပညာရေးလုပ်ငန်းများအတွက်သာ သုံးစွဲသည့် အကျိုးအမြတ်မယူသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် ယင်းကျောင်း များ၏ ကျောင်းခွဲအသီးသီးလည်း ပါဝင်သည်။

## အခန်း (၅)
## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ခြင်း

၆။ ပုဒ်မ ၅ ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ဆဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်ညီညွတ်ပါက ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ တည်ထောင်ရမည်။

၇။ တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ရန်အတွက် သက်ဆိုင်ရာဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၈။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည်-

(က) အစိုးရကျောင်းနှင့်အကျိုးတူ ပူးပေါင်းလုပ်ဆောင်မှုကို ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

( ခ ) အစိုးရကျောင်းမဟုတ်သော အခြားကျောင်းအမျိုးအစားများနှင့် ပူးပေါင်း၍ဖြစ်စေ၊ တွဲဖက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပူးပေါင်းလုပ်ဆောင်မှုကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာနသည်-

(က) ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၉) | အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင် သုံးဦး | အဖွဲ့ဝင် |
| (၁၀) | အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီအဖွဲ့ဝင် သုံးဦး | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်/အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |

(၁၃)　ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန　တွဲဖက်အတွင်းရေးမှူး(၂)

(၁၄)　ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန　တွဲဖက်အတွင်းရေးမှူး(၃)

(ခ)　ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။　ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်း၊

(ခ)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင် လျှောက်ထားရာတွင် တင်ပြရမည့် လိုအပ်ချက်များကို သတ်မှတ်ပေးခြင်း၊

(ဂ)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ)　ပုဒ်မခွဲ (ဂ) ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများက မှတ်ပုံတင်သက်တမ်းအတွင်း သင်တန်းရပ်နားရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သင်ယူသူများ၏ အခွင့်အရေးမဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများမရှိစေရန် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုပေးခြင်း၊

(င)　ဤဥပဒေအရပေးသွင်းရမည့်မှတ်ပုံတင်ကြေး၊နှစ်စဉ်ကြေးနှင့်အခြားအခကြေးငွေတို့ကိုသတ်မှတ်ခြင်းနှင့် ယင်းကိစ္စရပ်များအတွက် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးခြင်းတို့ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ)　ပုဒ်မခွဲ(ဂ)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏အမည် ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ)　နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ)　ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၊ မှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိတို့အား ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ)　လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။　ကြီးကြပ်ရေးအဖွဲ့သည်–

(က)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို သတ်မှတ်ချိန်အတွင်း စိစစ်ဆုံးဖြတ်ရမည်။

( ခ ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ကို သတ်မှတ်ချိန်အတွင်း စိစစ်ဆုံးဖြတ်ရမည်။

( ဂ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေး အကဲဖြတ်ရာတွင် ကူညီပံ့ပိုးရမည်။

( င ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေးသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

( စ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် အပ်နှင်းသော သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များသည် သတ်မှတ်ချက်များနှင့်ပြည့်စုံမှုရှိ မရှိ စိစစ် ကြီးကြပ်ရမည်။

(ဆ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ တည်ထောင်ရာတွင် ကျောင်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံနိုင်မှုပမာဏ၏ စစ်မှန်မှုကို စစ်ဆေးရမည်။

( ဇ ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ဝန်ကြီးဌာနကချမှတ်သော မူဝါဒနှင့်အညီဖြစ်စေရန် စိစစ်ဆောင်ရွက်ရမည်။

(ဈ) နိုင်ငံခြားသားပုဂ္ဂလိက ကျောင်းဆရာရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ သင်ကြားခွင့်ရရှိစေရန် စိစစ်ခွင့်ပြုရမည်။

၁၂။ ကြီးကြပ်ရေးအဖွဲ့နှင့် ယင်းက ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များသည် မည်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကိုမဆို အခါအားလျော်စွာ သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ပုံဗီဒီယိုမှတ်တမ်းများရယူခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုခြင်းနှင့် မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်သည်။

၁၃။ ဦးစီးဌာနသည် ကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ ယင်းအဖွဲ့၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

## အခန်း (၇)

## ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ ကြီးကြပ်ရေးအဖွဲ့သည်–

(က) ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သော ကောင်စီဝင် — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုနယ်မြေရှိ တက္ကသိုလ်မှ ပါမောက္ခချုပ် တစ်ဦး — အဖွဲ့ဝင်

(၃) သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၄) ပြည်ထောင်စုနယ်မြေ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) ပြည်ထောင်စုနယ်မြေရှိ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်

(၈) ပြည်ထောင်စုနယ်မြေ ပညာရေးမှူး — အတွင်းရေးမှူး

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ တက္ကသိုလ်မှ ပါမောက္ခချုပ် တစ်ဦး — အဖွဲ့ဝင်

(၃) သက်ဆိုင်ရာဝန်ကြီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၇) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်

(၈) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူး — အတွင်းရေးမှူး

(ဂ) ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၅။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( ခ ) ပုဒ်မခွဲ (က) ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ အပြီးပိတ်သိမ်းခြင်း၊ သင်တန်းရပ်နားခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဂ ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာများ၏ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ၏ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( င ) ပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ဝန်ကြီးဌာနက ချမှတ်သော မူဝါဒနှင့် အညီဖြစ်စေရန် ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်း၊

( စ ) မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာ ရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ သင်ကြားခွင့်ရရှိစေရန် စိစစ်ခွင့်ပြုခြင်း၊

(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့် အရည်အသွေးသည် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဇ ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာပြောင်းရွှေ့ ဖွင့်လှစ်ခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ဈ ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူပြောင်းလဲခြင်း၊ တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများသည် မှတ်ပုံတင်သက်တမ်းအတွင်း သင်တန်းရပ်နားရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုပေးခြင်း၊

( ဋ ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မှတ်ပုံတင်ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းစတင်နိုင်ခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

( ဌ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်း၊ သတင်းအချက်အလက်များ ပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့ထံ သတ်မှတ်ချက်နှင့်အညီ တင်ပြခြင်း၊

( ဍ ) စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ၊ ပုဂ္ဂလိက ကျောင်းဆရာများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

( ဎ ) ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဏ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၆။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည်–

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာ ပါဝင်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပေါင်းစည်းခြင်း၊ အပြီး ပိတ်သိမ်းခြင်း သို့မဟုတ် သင်တန်းရပ်နားခြင်း တို့နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်းကို သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ်တင်ပြရမည်။

( ခ ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ စိစစ် တင်ပြရမည်။

( ဂ ) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ပုဒ်မခွဲ(က)ပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

( င ) မြန်မာနိုင်ငံသား ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

( စ ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို သတ်မှတ်ချိန်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

၁၇။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် ယင်းက ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ မည်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကိုမဆို အခါအားလျော်စွာ သွားရောက်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ပုံဗီဒီယိုမှတ်တမ်းများ ရယူခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုခြင်းနှင့် မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်သည်။

၁၈။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးရုံးသည် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ ယင်းအဖွဲ့၏ ကုန်ကျစရိတ် များကိုလည်း ကျခံရမည်။

## အခန်း (၈)

## မှတ်ပုံတင်အရာရှိချုပ်၊ ဒုတိယမှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိ

၁၉။ ဝန်ကြီးဌာနသည်-

(က) ညွှန်ကြားရေးမှူးချုပ်/အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနကို မှတ်ပုံတင်အရာရှိချုပ်အဖြစ် ခန့်အပ်ရမည်။

(ခ) အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များကို ဒုတိယမှတ်ပုံတင်အရာရှိချုပ်များအဖြစ် ခန့်အပ်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိချုပ်နှင့် ဒုတိယမှတ်ပုံတင်အရာရှိချုပ်များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၀။ မှတ်ပုံတင်အရာရှိချုပ်သည်-

(က) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးများကို သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိများအား ကြီးကြပ်လမ်းညွှန်ရမည်။

၂၁။ ဒုတိယမှတ်ပုံတင်အရာရှိချုပ်များသည် မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ဆောင်ရွက်ရမည်။

၂၂။ ဦးစီးဌာနသည် မှတ်ပုံတင်အရာရှိချုပ်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ မှတ်ပုံတင်အရာရှိချုပ်၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၃။ မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့၏ ဆုံးဖြတ်ချက်နှင့်အညီ ဤဥပဒေအရ ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ကောက်ခံခြင်း၊

(ဂ) ကြီးကြပ်ရေးအဖွဲ့၊ မှတ်ပုံတင်အရာရှိချုပ်နှင့် ဒုတိယမှတ်ပုံတင်အရာရှိချုပ်များက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၂၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) တို့အရ ပေးပို့သည့် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေပြီး မှတ်ပုံတင် လက်မှတ်ကို ထုတ်ပေးရမည်။

၂၅။ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးရုံးသည် မှတ်ပုံတင်အရာရှိ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်၍ မှတ်ပုံတင်အရာရှိ၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

## အခန်း (၉)

## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ခြင်းအတွက်သတ်မှတ်ချက်များ

၂၆။　တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် မှတ်ပုံတင် လက်မှတ်လျှောက်ထားရာတွင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်ထားသော အခြေခံလိုအပ်ချက်များ၊ ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၇။　တည်ထောင်လိုသူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ် လျှောက်ထား ရာတွင် အောက်ပါ အထောက်အထား၊ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

(က)　မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းတည်ထောင်ရန် ခွင့်ပြုထားသော အထောက်အထားများ၊

(ခ)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအဖြစ် အသုံးပြုမည့် မြေနှင့် အဆောက်အဦ သို့မဟုတ် အဆောက်အဦ ပိုင်ဆိုင်ခွင့် သို့မဟုတ် ငှားရမ်းအသုံးပြုခွင့်ဆိုင်ရာ အထောက်အထားများ၊

(ဂ)　သတ်မှတ်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာအတိုင်း သင်ကြားရန် သင်ကြားမှု အစီအစဉ်၊

(ဃ)　ကျောင်းသား၊ ကျောင်းသူ အဆောင်များထားရှိပါက ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားကြောင်း အထောက်အထားများ၊

(င)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ်၊ ပတ်ဝန်းကျင်နှင့် စာသင်ခန်းများသည် ဥပမိရုပ် ကောင်းမွန်ကာ ကျန်းမာရေးနှင့် ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှုရှိစေရန် ဆောင်ရွက်ထားကြောင်း အထောက်အထားများ၊

(စ)　အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ၊

(ဆ)　ကျောင်းလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးအစီအစဉ်များ။

၂၈။　တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင် လက်မှတ်ရရှိသည့်နေ့မှစ၍ တစ်နှစ်အတွင်းဖွင့်လှစ်ရမည်။

၂၉။　(က)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်သက်တမ်းသည် စတင်ထုတ်ပေးသည့် နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

(ခ)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းကို ခွင့်ပြုသက်တမ်းကာလအတွက် အစီရင်ခံစာနှင့်အတူ မှတ်ပုံတင် လက်မှတ်သက်တမ်း မကုန်ဆုံးမီ ခြောက်လကြိုတင်၍ သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထား ရမည်။

(ဂ)　တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် မှတ်ပုံတင်ခွင့် ရရှိလျှင် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာဌာနငွေစာရင်းသို့ ပေးသွင်းရမည်။

၃၀။　တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည်-

(က)　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အများပြည်သူ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။

( ခ ) ပုဂ္ဂလိက ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရရှိသူအား သင်ကြားခွင့်ရရှိသည့် ဘာသာရပ်ကိုသာ သင်ကြားခွင့်ပြုရမည်။

( ဂ ) ပုဂ္ဂလိကကျောင်းဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆို ခန့်ထားရမည်။

(ဃ) ဘာသာရပ်အလိုက် ပုဂ္ဂလိကကျောင်းဆရာ ခန့်အပ်ရာတွင် သက်ဆိုင်ရာကျောင်း၏ ဖွဲ့စည်းပုံ ပြည့်မီရမည်ဖြစ်ပြီး အမြဲတမ်းခန့်အပ်သည့် ပုဂ္ဂလိကကျောင်းဆရာ အရေအတွက်သည် အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိရမည်။

( င ) ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ လုံလောက်စွာ စီမံထားရှိရမည်။

( စ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် ဘာသာရပ်သင်ခန်းစာ၊ ထပ်ဆောင်း ဘာသာရပ်နှင့် ထပ်ဆောင်းသင်ခန်းစာကို သက်ဆိုင်ရာအတန်းအတွက် သတ်မှတ်ထားသော သင်ရိုးမာတိကာအောက် လျော့နည်းမှုမရှိဘဲ သင်ကြားရမည်။

(ဆ) သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးအကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်း မပြုရန် ကြပ်မတ်ရမည်။

( ဇ ) တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

( ဈ ) ပညာသင်နှစ်အလိုက် ကျောင်းပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များမှတစ်ပါး တစ်ဆက်တည်း ခုနစ်ရက်ထက်ပို၍ သင်ကြားမှု ရပ်နားလိုပါက သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

(ည) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ဖွင့်လှစ်ဆဲ သင်တန်းတစ်ခုခုရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက် ရယူရမည်။

( ဋ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အဆောက်အဦများ၊ ပရိဝုဏ်များ ဖျက်ဆီးခံရခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အသုံးပြု၍မရတော့ခြင်းဖြစ်ပေါ်လာပါက နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ပြုပြင်၍ ကျောင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

( ဌ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ကြော်ငြာများတွင် မှန်ကန်သော အချက်အလက်များကို ဖော်ပြရမည်။

( ဍ ) သင်ယူသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်း၊ ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်း မှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

( ဎ ) သက်ဆိုင်ရာသင်တန်း သတ်မှတ်ချက်နှင့်အညီ သင်ယူသူ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်တို့ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးရမည်။

(ဏ) သင်ယူသူအတွက် အတန်းတင်ခြင်း၊ တန်းခွဲသတ်မှတ်ခြင်း၊ ကျောင်းပြောင်းလက်မှတ် သို့မဟုတ် ကျောင်းထွက်လက်မှတ် ထုတ်ပေးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(တ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်စဉ်က တင်ပြသော အချက်အလက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရမည်။

(ထ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၁။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) သင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်နည်းများကို သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့်အညီ ဆောင်ရွက်ခြင်း၊

( ခ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဂ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာ၏အရည်အသွေးသည် ဝန်ကြီးဌာနက ချမှတ်ထားသော အရည်အသွေးပိုင်းဆိုင်ရာ မူဝါဒနှင့် ညီညွတ်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံခြင်း၊

(ဃ) ပုဂ္ဂလိကကျောင်းဆရာဦးရေလုံလောက်မှုရှိခြင်း၊

( င ) ပုဂ္ဂလိကကျောင်းဆရာ၏ သင်ကြားမှုအရည်အသွေး တိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်း၊

( စ ) သင်ယူသူများ စည်းကမ်းလိုက်နာစေရေး၊ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေး တို့ကို ဆောင်ရွက်ခြင်း၊

(ဆ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ရာတွင် သတ်မှတ်အရည်အချင်း ပြည့်မီကိုက်ညီရေး ဆောင်ရွက်ခြင်း၊

( ဇ ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့ကို သတ်မှတ်ထားသော အချိန်အတွင်း ပေးအပ်ခြင်း၊

(ဈ) ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များကို ကြိုတင်သတ်မှတ်၍ ဆောင်ရွက်ခြင်း၊

(ည) နှစ်ပတ်လည်အစီရင်ခံစာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်တင်သွင်းခြင်း၊

( ဋ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက်အလက်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က လိုအပ်၍ တောင်းခံလျှင် တင်ပြခြင်း၊

( ဌ ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ သို့မဟုတ် နိုင်ငံခြားသား စီမံအုပ်ချုပ်သူ သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းများကို ခန့်အပ်ခြင်း၊ တာဝန်မှ ရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်ရပ်စဲခြင်း ပြုလုပ်လျှင် ထိုသို့ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

( ဍ ) ကြီးကြပ်ရေးအဖွဲ့နှင့်သက်ဆိုင်ရာဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

( ဎ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများမှ အပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင် အပါအဝင် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်း အပြည့်အစုံကို သင်ကြားခြင်း၊

(ခ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် မြန်မာနိုင်ငံသား သင်ယူသူများအား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

(ဂ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် မြန်မာစာ သင်ကြားလိုသော နိုင်ငံခြားသား သင်ယူသူများအား သက်ဆိုင်ရာအတန်းနှင့် လိုက်လျောညီထွေသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသော မြန်မာစာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားခြင်း။

၃၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက် သင်ယူခွင့်အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ်ထားခြင်း၊

(ဃ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ခြင်းကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(င) နည်းပညာနှင့်သက်မွေးပညာရေးအဆင့် ခွဲခြားသတ်မှတ်ခြင်းကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

၃၄။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ပဋိညာဉ်စာတမ်းရေးဆွဲပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူခြင်း၊

(ခ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) အသုံးချသုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းချီးမြှင့်ခြင်း၊

(င) ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက် သင်ယူခွင့်အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ်ထားခြင်း။

၃၅။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်ယူသူများသည်-

(က) အစိုးရကျောင်း၏ သင်ယူသူများနည်းတူ သက်ဆိုင်ရာအရည်အသွေး သတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူမှုနှင့် ပညာရည်ဖွံ့ဖြိုးမှု အခွင့်အလမ်းများ ရရှိရမည်။

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့် အစိုးရကျောင်းများအကြား အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ဆက်သွယ် ကူးပြောင်း သင်ယူနိုင်သည်။

(ဂ) နိုင်ငံတော်က သတ်မှတ်ထားသည့် ပညာရေးအဆင့်ပြီးမြောက်ကြောင်း စာမေးပွဲကို သတ်မှတ်ချက်နှင့် ကိုက်ညီပါက ဝင်ရောက် ဖြေဆိုနိုင်သည်။

## အခန်း (၁၀)

## ပုဂ္ဂလိကကျောင်းဆရာ

၃၆။ (က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လက်မှတ် ရရှိရန်-

(၁) မြန်မာနိုင်ငံသားဖြစ်ပါက သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(၂) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက ခွင့်ပြုသက်တမ်း မကုန်ဆုံးမီ သုံးလကြိုတင်၍ လျှောက်ထားရမည်။

၃၇။ ပုဂ္ဂလိကကျောင်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ရရှိသူသည် သက်ဆိုင်ရာဌာန ငွေစာရင်းသို့ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းပြီး မှတ်ပုံတင်လက်မှတ် ရယူရမည်။

၃၈။ ပုဂ္ဂလိကအခြေခံပညာကျောင်းဆရာသည် အနည်းဆုံး အောက်ပါအရည်အချင်း သတ်မှတ်ချက် တစ်ရပ်ရပ်နှင့် ကိုက်ညီသူဖြစ်ရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ ရရှိသူ၊

(ခ) ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် လက်မှတ် ရရှိသူ၊

(ဂ) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ် ရရှိသူ၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံမှုမရှိသော်လည်း ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းဆရာဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာရပ်ဆရာဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှု အတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိသူ။

၃၉။ ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာသည် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်ရမည်။

၄၀။ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းဆရာသည် ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ် တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့ သို့မဟုတ် ပါရဂူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

၄၁။ ပုဂ္ဂလိကကျောင်းဆရာသည်-

(က) နိုင်ငံတော်အပေါ်သစ္စာ စောင့်သိရိုသေရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဂ) မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(င) တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(စ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

## အခန်း (၁၁)

## အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၄၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အမျိုးသားပညာရေးအဆင့် မူဘောင်ကို ကိုးကား၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ချမှတ်သည့် ပညာအရည်အသွေးဆိုင်ရာ စံနှုန်းများအတိုင်း ပညာအရည်အသွေး တိုးတက်မှုအတွက် ဆောင်ရွက်ရမည်။

၄၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအသီးသီးသည်-

(က) အသိအမှတ်ပြုမှုရရှိရေး၊ အရည်အသွေးအာမခံမှုရှိရေးကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်သော အဆင့်အလိုက် အရည်အသွေးအာမခံမှုဆိုင်ရာ စစ်ဆေးခြင်းများကို ခံယူရမည်။

၄၄။ အောက်ဖော်ပြပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများသည် သက်ဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသော အမျိုးသားပညာရေးအဆင့်မူဘောင်နှင့်လည်းကောင်း၊ စံချိန်စံညွှန်းများနှင့်လည်းကောင်း ကိုက်ညီရမည်-

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

## အခန်း (၁၂)

## ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းခြင်း

၄၅။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ရက်ပေါင်း ၁၂၀ ကြိုတင်၍ အကြောင်းပြချက်ခိုင်လုံစွာ ဖော်ပြထားသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့် လျှောက်လွှာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၄၆။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက ပုဂ္ဂလိကကျောင်း ဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက သင်ကြား ပြီးဆုံးသော ပညာသင်နှစ်အတွက်မှအပ ကျန်ရှိသော ပညာသင်နှစ်အတွက် သင်ယူသူများ ကြိုတင်ပေးသွင်း ထားသော ကျောင်းလခ၊ သင်တန်းကြေးနှင့် အခြားအခကြေးငွေများရှိပါက ယင်းတို့ကို အပြည့်အဝ ပြန်လည် ပေးအပ်ရမည်။

၄၉။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ပုဒ်မ ၄၈ ပါ ကိစ္စရပ်များကို ပြီးစီးအောင် ဆောင်ရွက်၍ စည်းကမ်းချက်များနှင့်အညီ စာရင်းရှင်းလင်းပြီးမှသာ သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံသို့ လျှောက်ထားရမည်။

၅၀။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့်ပြုသည့်အခါ ပညာရေးဆိုင်ရာ လက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအတွက် ထုတ်ပေးရန် လိုအပ်လျှင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သောဌာနသည် ယင်းကျောင်းကိုယ်စား ပညာရေးဆိုင်ရာလက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအား သတ်မှတ်ချက်နှင့်ညီညွတ်ပါက ထုတ်ပေးရမည်။

## အခန်း (၁၃)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၅၁။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၈၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်၍ အမည်ပျက်စာရင်း ထည့်သွင်းခြင်း။

၅၂။ ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက် သော ပုဂ္ဂလိက ကျောင်းဆရာအား စာဖြင့်သတိပေးခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုရမည်။

၅၃။ ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဝန်ကြီးဌာနက ဖွဲ့စည်းသော အယူခံအဖွဲ့သို့ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက် နိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် သင့်လျော်သောပုဂ္ဂိုလ် အနည်းဆုံး သုံးဦး ပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အယူခံအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ပြုလုပ်နိုင်သည်။

၅၆။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၁၄)

## တားမြစ်ချက်များ

၅၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၅၈။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ကာလအတွင်း အဆိုပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ဖွင့်လှစ်ခြင်း မပြုရ။

၅၉။ မည်သူမျှ–

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်း မပြုရ၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲခြင်း မပြုရ၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့်စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာခြင်း မပြုရ၊

(ဃ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအဖြစ် ကြော်ငြာခြင်း မပြုရ၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အခြားသူ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အပြီးပိတ်သိမ်းခြင်း သို့မဟုတ် အချင်းချင်း ပေါင်းစည်းခြင်း မပြုရ။

၆၀။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်နှင့်စပ်လျဉ်း၍ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းတစ်ခုခုနှင့် တရားဝင်ပေါင်းစပ်မှုရှိသည်ဟု အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေသော အမည်နှင့် အသုံးအနှုန်းများကို သုံးစွဲခြင်း မပြုရ။

၆၁။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိသောသူကို ပုဂ္ဂလိကကျောင်းဆရာအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် သင်ကြားစေခြင်း မပြုရ။

၆၂။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ် သို့မဟုတ် အဆောက်အဦတွင် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်မှုများ၊ အများပြည်သူကို ထိခိုက်နစ်နာစေသော လုပ်ဆောင်မှုများ၊ ကျောင်းလုပ်ငန်းနှင့် လျော်ကန်မှုမရှိသော လုပ်ဆောင်မှုများ မပြုလုပ်ရ။

၆၃။　မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် နိုင်ငံတော် တည်ငြိမ်ရေး၊ လုံခြုံရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေနိုင်သော လုပ်ရပ်များ မပြုလုပ်ရ။

၆၄။　မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

၆၅။　မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ကာလအတွင်း ပုဂ္ဂလိကကျောင်း ဆရာအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

၆၆။　မည်သူမျှ–

(က)　ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်း မပြုရ၊

(ခ)　ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ခွင့်ပြုချက်မရဘဲ ပြင်ဆင် ပြောင်းလဲခြင်း မပြုရ၊

(ဂ)　ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းခြင်း မပြုရ။

၆၇။　မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေးကို ထိခိုက်စေမည့် အကြောင်းအရာများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ရန် စီစဉ် ဆောင်ရွက်ခြင်း မပြုရ။

၆၈။　မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်မူဝါဒနှင့် ဆန့်ကျင်သော ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံရေးအကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်း မပြုရ။

၆၉။　ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသူမှအပ မည်သူမျှ တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၅)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၀။　မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၁။　မည်သူမဆို ပုဒ်မ ၅၈၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၂၀၀မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။　မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀၀မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၄ နှင့် ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀မှ အများဆုံး ကျပ်သိန်း ၅၀ ထိချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀မှ အများဆုံး ကျပ်သိန်း ၅၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## အထွေထွေ

၇၆။ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည် ငွေကြေး၊ စက်ပစ္စည်း၊ ကျောင်းသုံး ပစ္စည်း၊ နည်းပညာ၊ မူပိုင်ခွင့် အခွင့်အရေး၊ မြေ၊ အဆောက်အအုံ၊ စာသင်ခန်း၊ ပရိဘောဂတို့ကို လှူဒါန်းရရှိခြင်းဖြစ်လျှင် လှူဒါန်းခြင်း သဘောတူညီမှု အထောက်အထား၊ လှူဒါန်းသူအမည်၊ လှူဒါန်းပစ္စည်း အမျိုးအစားနှင့် အရေအတွက်၊ လိုအပ်သော အထောက်အထားများနှင့် ၎င်းတို့ကို အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့ကို တိကျစွာ ဖော်ပြထားသော မှတ်တမ်းထားရှိရမည်။

၇၇။ ဤဥပဒေအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၇၈။ ဤဥပဒေအရ-

(က) အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုမိန့် ရယူရမည်။

(ဂ) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကိုနစ်နာသူကမိမိ၏နစ်နာမှုအတွက်တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၇၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ် ရရှိသည့်နေ့မှစ၍ ၎င်း၏ အမည်၊ အမှတ်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၈၀။ ဤဥပဒေ အာဏာမတည်မီ တည်ထောင်ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ အားလုံးသည် ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဆောင်ရွက်ရမည်။

၈၁။ (က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ဤဥပဒေနှင့် မဆန့်ကျင်ပါက ဆက်လက်ကျင့်သုံး နိုင်သည်။

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့သည် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

[ ယခင်အပတ်မှ အဆက် ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်သူ့ဝန်ထမ်းဆိုင်ရာစွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

၉၂၄၅။ ဒေါ်သန်းသန်းစိုး၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)
၉၂၄၆။ ဦးဋ္ဌေးလှိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)
၉၂၄၇။ ဒေါ်လွင်လွင်မိုး၊ အလုပ်ရုံမှူး
၉၂၄၈။ ဒေါ်ခင်ဆွေဦး၊ စာရင်းကိုင်(၁)
၉၂၄၉။ ဒေါ်နီနီဝင်း၊ အလုပ်ရုံစုမှူး
၉၂၅၀။ ဦးအောင်မွန်ဦး၊ အလုပ်ရုံစုမှူး
၉၂၅၁။ ဒေါ်သန့်ဇင်၊ အလုပ်ရုံစုမှူး
၉၂၅၂။ ဦးဋ္ဌေးဦး၊ အလုပ်ရုံစုမှူး
၉၂၅၃။ ဦးဝင်းအောင်(၃)၊ အလုပ်ရုံစုမှူး
၉၂၅၄။ ဒေါ်မော်ရီ၊ အလုပ်ရုံစိတ်မှူး
၉၂၅၅။ ဒေါ်ခင်ဆွေဆက်၊ အလုပ်ရုံစိတ်မှူး
၉၂၅၆။ ဦးမင်းလှိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၅၇။ ဦးကျော်မြင့်နိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၅၈။ ဦးကြည်စိုး၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၅၉။ ဦးနေလင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)
၉၂၆၀။ ဒေါ်ခင်နှင်းယု၊ အလုပ်ရုံစိတ်မှူး
၉၂၆၁။ ဒေါ်ခင်မျိုးဝင်း၊ အလုပ်ရုံစိတ်မှူး
၉၂၆၂။ ဒေါ်ခင်မာဝင်း၊ အလုပ်ရုံစိတ်မှူး

၉၂၆၃။ ဦးမောင်မောင်ဦး၊ အလုပ်ရုံစိတ်မှူး
၉၂၆၄။ ဦးဇော်မင်း၊ အလုပ်ရုံစိတ်မှူး
၉၂၆၅။ ဦးမင်းနိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၆၆။ ဦးသိန်းဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၆၇။ ဦးမြင့်ဝေ၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၆၈။ ဦးထိန်လင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၆၉။ ဒေါ်ခင်မိုးသူ၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)
၉၂၇၀။ ဒေါ်မိုးမိုးခိုင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)

**မြန်မာ့ဆေးဝါးလုပ်ငန်း**

၉၂၇၁။ ဦးအောင်သူ၊ ဒုတိယအထွေထွေမန်နေဂျာ
၉၂၇၂။ ဒေါ်ခင်အေးကြည်၊ လက်ထောက်မန်နေဂျာ
၉၂၇၃။ ဒေါ်လှိုင်လှိုင်ဦး၊ ဒုတိယကြီးကြပ်ရေးမှူး
၉၂၇၄။ ဒေါ်ချယ်ရီအောင်၊ လက်ထောက်မန်နေဂျာ
၉၂၇၅။ ဒေါ်မြသန္တာဦး၊ လက်ထောက်မန်နေဂျာ
၉၂၇၆။ ဒေါ်သန်းသန်းအေး(၂)၊ လက်ထောက်မန်နေဂျာ
၉၂၇၇။ ဒေါ်မြင့်မြင့်သွင်၊ ကြီးကြပ်ရေးမှူး
၉၂၇၈။ ဒေါ်သန်းသန်းအေး(၁)၊ ကြီးကြပ်ရေးမှူး
၉၂၇၉။ ဒေါ်နွယ်နွယ်လှိုင်၊ ကြီးကြပ်ရေးမှူး
၉၂၈၀။ ဒေါ်သန္တာနွဲ့၊ ဒုတိယကြီးကြပ်ရေးမှူး
၉၂၈၁။ ဒေါ်နွယ်နွယ်မြင့်၊ ဒုတိယစက်ရုံမှူး
၉၂၈၂။ ဒေါ်လှလှဝင်း၊ လက်ထောက်စက်ရုံမှူး
၉၂၈၃။ ဒေါ်စန်းမိုးမိုးမြင့်၊ လက်ထောက်စက်ရုံမှူး
၉၂၈၄။ ဒေါ်ခင်မိုးဖြူ၊ လက်ထောက်စက်ရုံမှူး
၉၂၈၅။ ဒေါ်ဆွေဆွေဝင်းသန်း၊ အလုပ်ရုံမှူး
၉၂၈၆။ ဒေါ်ဝင်းဝင်းငွေ၊ အလုပ်ရုံခွဲမှူး
၉၂၈၇။ ဒေါ်ကေသီဦး၊ အလုပ်ရုံစုမှူး
၉၂၈၈။ ဒေါ်တင်နွယ်ဝင်း၊ အလုပ်ရုံစိတ်မှူး
၉၂၈၉။ ဒေါ်မိုးမိုးအေး၊ အလုပ်ရုံစိတ်မှူး
၉၂၉၀။ ဦးသောင်းဝင်းလှိုင်၊ အလုပ်ရုံစိတ်မှူး
၉၂၉၁။ ဒေါ်အေးမြင့်စန်း၊ အလုပ်ရုံစိတ်မှူး
၉၂၉၂။ ဒေါ်ဝေဝေ၊ အလုပ်ရုံစိတ်မှူး
၉၂၉၃။ ဒေါ်ခင်ဝင်းမော်၊ အလုပ်ရုံစိတ်မှူး
၉၂၉၄။ ဦးမိုးကျော်စိုး၊ အလုပ်ရုံစိတ်မှူး
၉၂၉၅။ ဦးထွန်းထွန်းဦး၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)
၉၂၉၆။ ဒေါ်ခိုင်စံအေး၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)
၉၂၉၇။ ဒေါ်ခက်နုဝါ၊ အလုပ်ရုံခွဲမှူး
၉၂၉၈။ ဒေါ်ယဉ်ယဉ်အေး၊ အလုပ်ရုံခွဲမှူး
၉၂၉၉။ ဒေါ်ကြွယ်ကြွယ်၊ အလုပ်ရုံစုမှူး
၉၃၀၀။ ဒေါ်သန်းသန်းငွေ၊ အလုပ်ရုံစိတ်မှူး
၉၃၀၁။ ဦးဝင်းကိုကို၊ အလုပ်ရုံစိတ်မှူး

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

### ပြည်ထောင်စုဝန်ကြီးရုံး

၄၃၀၂။ ဦးကျော်ယဉ်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်
၄၃၀၃။ ဦးသန့်ဇင်ကိုကို၊ ညွှန်ကြားရေးမှူး
၄၃၀၄။ ဦးအက်(စ်)လင်းရောင်၊ ဒုတိယညွှန်ကြားရေးမှူး
၄၃၀၅။ ဦးသိန်းဇော်၊ ဒုတိယညွှန်ကြားရေးမှူး
၄၃၀၆။ ဦးရဲနောင်၊ ဒုတိယညွှန်ကြားရေးမှူး
၄၃၀၇။ ဦးအောင်ဆန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး
၄၃၀၈။ ဦးအောင်ဇော်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး
၄၃၀၉။ ဒေါ်ဝင့်ဝင့်ခိုင်ကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး
၄၃၁၀။ ဦးချေ့ဖန်ဂျာလီရဲ့၊ ဦးစီးအရာရှိ
၄၃၁၁။ ဦးအေးလွင်၊ ဦးစီးအရာရှိ
၄၃၁၂။ ဒေါ်ယုယုလတ်၊ ဦးစီးအရာရှိ
၄၃၁၃။ ဒေါ်မေသက်ဦး၊ ဦးစီးအရာရှိ
၄၃၁၄။ ဦးအောင်ကိုဦး၊ ဦးစီးအရာရှိ
၄၃၁၅။ ဦးကျော်ဝင်းထွန်း၊ ဦးစီးအရာရှိ
၄၃၁၆။ ဦးညီညီစိုး၊ ဦးစီးအရာရှိ
၄၃၁၇။ ဦးဝင်းကျော်သူ၊ ဦးစီးအရာရှိ
၄၃၁၈။ ဒေါ်အမ်ထုရော်၊ ဦးစီးအရာရှိ
၄၃၁၉။ ဒေါ်နှင်းဆီ၊ ဦးစီးအရာရှိ
(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ သုံးစွဲခြင်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၈) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(၉) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
သင့်လျော်သော စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်း

(၁၀) ညွှန်ကြားရေးမှူး (ဘဏ္ဍာဌာနခွဲ) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူး (ကလေး/လူငယ်ဌာနခွဲ) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၁၃) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၁၄) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) — ဘဏ္ဍာရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

( ခ ) ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက အပိုဒ်ခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းသည့်မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေးအမိန့်အရ ချမှတ်သည့်ဒဏ်ကြေး၊ နှစ်စဉ်ကြေး၊ အခြားအခကြေးငွေများနှင့် ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကိုလည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့က ပေးသွင်းသည့်ငွေများကို လည်းကောင်း ရန်ပုံငွေမှတ်ပုံတင်စာအုပ်တွင် စနစ်တကျ လက်ခံစာရင်းသွင်းခြင်း၊

( ခ ) ငွေကြေးအမျိုးအစားအလိုက် သက်ဆိုင်ရာဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားရှိခြင်းနှင့် သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်းခြင်း၊

( ဂ ) ချက်လက်မှတ်များဖြင့် လက်ခံရရှိသော ရန်ပုံငွေများကို သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်းခြင်းနှင့် ချက်လက်မှတ်လက်ခံရရှိမှု မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ခြင်း၊

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့၌ လိုအပ်သလို ခွဲဝေအသုံးပြုခွင့်ပေးခြင်းနှင့် စနစ်တကျစိစစ်သုံးစွဲနိုင်ရန် ကြီးကြပ်ခြင်း၊

( င ) ရန်ပုံငွေကိုအသုံးပြု၍ဆောင်ရွက်သည့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း။

## အခန်း (၄)
## ရန်ပုံငွေထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း

၆။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ညွှန်ကြားရေးမှူး (ကလေး/လူငယ်ဌာနခွဲ)၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာဌာနခွဲ) ပါဝင်သောအဖွဲ့ဝင်သုံးဦးဖြင့် လက်ခံရရှိသည့်ရန်ပုံငွေအနက် မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) တွင် "ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေ" အမည်ဖြင့် အခြားစာရင်းရှင်စာရင်း [Other Account (OA)] ဖွင့်လှစ်၍လည်းကောင်း၊ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် နိုင်ငံခြားငွေကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် "ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေ" အမည်ဖြင့် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ လည်းကောင်း ရန်ပုံငွေစာရင်းဖွင့်လှစ်ထားရှိရမည်။

၇။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် လက်ခံရရှိသောရန်ပုံငွေများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လက်ခံရရှိသောရန်ပုံငွေကို ရန်ပုံငွေမှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်ရာရန်ပုံငွေစာရင်းခေါင်းစဉ်အောက်၌ စာရင်းရေးသွင်း၍ရန်ပုံငွေအတွက် ငွေစာရင်းဖွင့်လှစ်ထားသည့်ဘဏ်သို့ တိုက်ရိုက်ထည့်သွင်းရမည်။

( ခ ) နိုင်ငံခြားငွေစာရင်းဖွင့်လှစ်နိုင်ခြင်းမရှိသော နိုင်ငံခြားငွေအမျိုးအစားဖြစ်ပါက ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေအမျိုးအစားသို့ ရန်ပုံငွေလက်ခံရရှိသည့်နေ့ရှိ နိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Exchange Rate) အတိုင်းလဲလှယ်၍ ထည့်သွင်းခြင်း သို့မဟုတ် မြန်မာကျပ်ငွေလဲလှယ်၍ ဖွင့်လှစ်ထားသည့် ရန်ပုံငွေစာရင်းသို့ ထည့်သွင်းခြင်းပြုရမည်။

( ဂ ) သက်ဆိုင်ရာဘဏ်ရှိငွေစာရင်းသို့ ထည့်သွင်းပြီးသည့် ရန်ပုံငွေကို ရန်ပုံငွေမှတ်ပုံတင်စာအုပ်တွင် စနစ်တကျစာရင်းရေးသွင်း၍ ဘဏ္ဍာရေးမှူးက လက်မှတ်ရေးထိုးရမည်။

၈။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ချက်လက်မှတ်ဖြင့် လက်ခံရရှိလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ချက်လက်မှတ်လက်ခံရရှိမှု မှတ်ပုံတင်စာအုပ်တွင် ရရှိသည့်နေ့၊ ချက်လက်မှတ်အမှတ်၊ ငွေပမာဏတို့ကို နေ့ချင်းစာရင်းရေးသွင်း၍ ဘဏ္ဍာရေးမှူးက လက်မှတ်ရေးထိုးရမည်။

( ခ ) ရရှိသောချက်လက်မှတ်ကို ငွေသားအဖြစ်ထုတ်ယူ၍ သက်ဆိုင်ရာဘဏ်ရှိ ငွေစာရင်းသို့ နေ့ချင်းထည့်သွင်းရမည်။

၉။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ငွေရပြေစာ စာအုပ်များကို အောက်ပါအတိုင်း အမျိုးအစားခွဲခြား၍ ထားရှိရမည်–

(က) ပြည်တွင်း ပြည်ပမှစေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများလက်ခံရရှိသည့် ပြေစာ စာအုပ်၊

( ခ ) ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သည့် နေ့ကလေးထိန်း ဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြုလုပ်ငန်းများအတွက် တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြား အခကြေးငွေများလက်ခံရရှိသည့် ပြေစာ စာအုပ်၊

( ဂ ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်သည့် နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုလုပ်ငန်းနှင့် အိမ်အခြေပြု လုပ်ငန်းများအတွက် တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေများ လက်ခံရရှိသည့် ပြေစာ စာအုပ်။

၁၀။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ငွေရပြေစာ စာအုပ်များကို စာအုပ်အမှတ်စဉ်နှင့် ပြေစာအမှတ်စဉ်တို့ အစဉ်လိုက် ရှိ မရှိ စိစစ်ပြီး ပြေစာမှတ်ပုံတင်စာအုပ်၌ ရေးသွင်း၍ မှတ်တမ်းတင်ထားရှိ ရမည်။ ငွေရပြေစာ စာအုပ်၊ ပြေစာ စာရွက်များကို အမှတ်စဉ်အတိုင်း အသုံးပြုရမည်။

၁၁။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် အပိုဒ် ၉၊ အပိုဒ်ခွဲ (က) နှင့် (ဂ) တို့ပါ ငွေရပြေစာ စာအုပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များသို့ ဖြန့်ဝေပေးပို့ရာတွင် ပြေစာမှတ်ပုံတင်စာအုပ်၌ စနစ်တကျ မှတ်တမ်းရေးသွင်းရမည်။

၁၂။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေများကိုလက်ခံရာ၌ ငွေရပြေစာတွင် ပြည့်စုံစွာရေးသွင်း၍ ဘဏ္ဍာရေးမှူးက လက်မှတ်ရေးထိုးရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဥပဒေအရပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေးအမိန့်အရ ချမှတ်သည့်ဒဏ်ကြေး၊ နှစ်စဉ်ကြေး၊ အခြားအခကြေးငွေများနှင့် ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကိုလက်ခံရာ၌ ငွေရပြေစာတွင် ပြည့်စုံစွာရေးသွင်း၍ အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

၁၄။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ငွေရပြေစာ စာအုပ်၊ ပြေစာ စာရွက်များကို အသုံးပြုပြီး ပြေစာနှင့် လက်ကျန်ပြေစာများအလိုက်စစ်ဆေး၍ ပြေစာများပါ စုစုပေါင်းလက်ခံရရှိငွေနှင့် ပေးသွင်းငွေများကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်။ အသုံးပြုပြီးသော ငွေရပြေစာ၏ နောက်ကျောဘက်တွင် ဘဏ္ဍာရေးမှူးက ရက်စွဲပါ လက်မှတ်တိုရေးထိုးအမှတ်အသားပြု၍ ထိန်းသိမ်းရမည်။

၁၅။ ဘဏ္ဍာရေးမှူးသည် ရန်ပုံငွေမှတ်ပုံတင်စာအုပ်ရှိ ရငွေ၊ သုံးငွေတို့ကို ဘဏ်ရှင်းတမ်းများနှင့် လစဉ်တိုက်ဆိုင်စစ်ဆေးရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ငွေရပြေစာ စာအုပ်၊ ပြေစာ စာရွက်များကို အသုံးပြုပြီးပြေစာနှင့် လက်ကျန်ပြေစာများအလိုက်စစ်ဆေး၍ ပြေစာများပါ စုစုပေါင်းလက်ခံရရှိငွေနှင့် ပေးသွင်းငွေများကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်။ အသုံးပြုပြီးသော ငွေရပြေစာ၏ နောက်ကျောဘက်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက ရက်စွဲပါ လက်မှတ်တိုရေးထိုး အမှတ်အသားပြု၍ ထိန်းသိမ်းရမည်။

## အခန်း (၅)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ၏ ရငွေများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည်-

(က) ဥပဒေအရပေးသွင်းသည့် မှတ်ပုံတင်ကြေး၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ကြေး၊ စီမံခန့်ခွဲရေးအမိန့်အရ ချမှတ်သည့်ဒဏ်ကြေး၊ နှစ်စဉ်ကြေး၊ အခြားအခကြေးငွေများနှင့် ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကို ရန်ပုံငွေမှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်ရာရန်ပုံငွေ စာရင်းခေါင်းစဉ်အောက်၌ စာရင်းရေးသွင်း၍ အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

( ခ ) အပိုဒ်ခွဲ (က) အရ လက်ခံရရှိသည့်ငွေသည် မြန်မာကျပ်ငွေဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြန်မာ့စီးပွားရေးဘဏ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တစ်ဦးစုစုပေါင်းသုံးဦးဖြင့် အခြားစာရင်းရှင်စာရင်း [Other Account (OA)] ဖွင့်လှစ်၍ ထည့်သွင်းရမည်။ အဆိုပါ ငွေများကို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ရှိ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ "ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေ" စာရင်းသို့ လစဉ်ပေးသွင်းရမည်။

( ဂ ) အပိုဒ်ခွဲ (က) အရ လက်ခံရရှိသည့်ငွေသည် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်နိုင်သည့် နိုင်ငံခြားငွေဖြစ်ပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့တင်ပြပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဖွင့်လှစ်ထားသော ဗဟိုကြီးကြပ်ရေးအဖွဲ့၏ "ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေ" စာရင်းသို့ တိုက်ရိုက်ပေးသွင်းရမည်။

(ဃ) အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့အရ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ရန်ပုံငွေစာရင်းသို့ ပေးသွင်းသည့်ငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာငွေစာရင်း ခေါင်းစဉ်အလိုက် စနစ်တကျဖော်ပြပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လစဉ်အစီရင်ခံတင်ပြရမည်။

## အခန်း (၆)
## ရန်ပုံငွေသုံးစွဲခြင်း

၁၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များတွင် အသုံးပြုနိုင်သည်-

(က) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာအကူအညီပေးခြင်းနှင့် အသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊

( ခ ) ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအပါအဝင် ရှေးဦးအရွယ်ကလေးသူငယ်များအား အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးအတွက် ဝန်ဆောင်မှုများပေးခြင်း၊

( ဂ ) နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်း၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန် ပံ့ပိုးကူညီမှုများပေးခြင်း။

၁၉။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပြည်ထောင်စုအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ရန်ပုံငွေအသုံးခန့်မှန်းချက်များကို ကုန်ကျစရိတ်တွက်ချက်မှုနှင့်အတူ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့်ရေးဆွဲပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ရန်ပုံငွေအသုံးခန့်မှန်းချက်များကို ကုန်ကျစရိတ်တွက်ချက်မှုနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့်ရေးဆွဲပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၂၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် အပိုဒ် ၂၀ အရ တင်ပြလာသော ဘဏ္ဍာငွေအသုံးခန့်မှန်းချက်ကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေများပါ လုပ်ငန်းတာဝန်များနှင့် ကိုက်ညီမှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးရမည်။

၂၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် အပိုဒ် ၂၁ အရ တိုက်ဆိုင်စစ်ဆေးပြီး ကိုက်ညီမှုရှိပါက ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။ ကိုက်ညီမှုမရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းရမည်။

၂၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၁၉ နှင့် ၂၂ တို့အရ တင်ပြချက်များအပေါ်စိစစ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ရန်ပုံငွေခွဲဝေချထားရမည်။

၂၄။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွဲဝေချထားသောရန်ပုံငွေကိုထုတ်ယူရန် ဘဏ္ဍာရေးမှူးကို တာဝန်ပေးအပ်ရမည်။ ပြည်ထောင်စုအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ တာဝန်ပေးအပ်ရမည်။

၂၅။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဗဟိုကြီးကြပ်ရေးအဖွဲ့က ခွဲဝေချထားသော ရန်ပုံငွေကို အပိုဒ် ၁၇၊ အပိုဒ်ခွဲ (ခ) အရ ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အခြားစာရင်းရှင်စာရင်း [Other Account (OA)] သို့ လွှဲပြောင်းပေးရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၂၅ အရ လွှဲပြောင်းပေးသည့် ရန်ပုံငွေကိုထုတ်ယူရန် အတွင်းရေးမှူးကို တာဝန်ပေးအပ်ရမည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေသုံးစွဲရာတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၇)

## စာရင်းစစ်ဆေးခြင်း

၂၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေရရှိခြင်း၊ သုံးစွဲခြင်းများကိုစစ်ဆေးနိုင်ရန် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့တွင် မပါဝင်သည့် သင့်လျော်သော စာရင်းအင်းကျွမ်းကျင်သူတစ်ဦးကို စာရင်းစစ်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၂၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လိုအပ်ပါက ဘဏ္ဍာရေးနှစ်အလိုက် စာရင်းစစ်ဆေးမှုခံယူနိုင်ရေးအတွက် ပြင်ပစာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးစေနိုင်သည်။ ထို့ပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ အကူအညီတောင်းခံ၍ စစ်ဆေးစေနိုင်သည်။

၃၀။ အပိုဒ် ၂၈ အရ တာဝန်ပေးအပ်သည့် စာရင်းစစ်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ ရန်ပုံငွေအရအသုံးစာရင်းများကို သုံးလတစ်ကြိမ် စစ်ဆေးခြင်း၊

(ခ) ခွင့်ပြုရန်ပုံငွေများဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ထိရောက်စွာအသုံးပြုခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လက်ကျန်ငွေစာရင်းများ စစ်ဆေးခြင်း၊

(ဂ) ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လစဉ်စာရင်းများနှင့် နှစ်ချုပ်စာရင်းများစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သုံးလတစ်ကြိမ် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ပေးပို့ခြင်း၊

(ဃ) နှစ်စဉ်ငွေစာရင်းစစ်ဆေးချက်အစီရင်ခံစာကို အနီးကပ်ဆုံးကျင်းပသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း။

## အခန်း (၈)

## စာရင်းပေးပို့ခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ လစဉ်ပေးပို့ရမည်။

၃၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် မိမိ၏ ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှု၊ လက်ကျန်စာရင်းများနှင့် အပိုဒ် ၃၁ အရ ပေးပို့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ လစဉ်ပေးပို့ရမည်။

၃၃။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် အပိုဒ် ၃၂ အရ ပေးပို့သည့် ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို လစဉ်စာရင်းနှင့် နှစ်ချုပ်စာရင်းပြုစု၍ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၃၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် နှစ်စဉ်ငွေစာရင်းစစ်ဆေးချက်အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၃၅။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပစေတနာရှင်များက လှူဒါန်းထောက်ပံ့သည့်ငွေကြေးနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးတွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးများတွင်လည်းကောင်း တင်ပြရမည်။

## အခန်း (၉)

## အထွေထွေ

၃၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပစေတနာရှင်များက လှူဒါန်းထောက်ပံ့သည့်ငွေကြေးနှင့် ပစ္စည်းများကို သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့်အဖွဲ့အစည်းများနှင့် စေတနာရှင်များက ပွင့်လင်းမြင်သာစွာသိရှိစေရန် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် (Website) တွင် ထုတ်ပြန်ကြေညာရမည်။

၃၇။　ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေသုံးစွဲရာတွင် ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရမည်။

ဒေါက်တာ သက်သက်ခိုင်
ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၈၃/၂၀၂၃)

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ဒုတိယရဲမှူးကြီး (၂) ဦးတို့အား ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၃၄၆၈ ဒုတိယရဲမှူးကြီး<br>မျိုးအောင်မြင့်<br>တပ်ဖွဲ့ခွဲမှူး၊ တပ်ဖွဲ့ခွဲ (၂) (ရန်ကုန်)<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | သင်တန်းမှူး<br>အဆင့်မြင့်အရာရှိကြီးများသင်တန်း<br>ရဲအရာရှိအတတ်သင်ကျောင်း |
| (၂) | ရဲ ၂၄၆၃ ဒုတိယရဲမှူးကြီး<br>မင်းဇော်<br>သင်တန်းမှူး<br>အဆင့်မြင့်အရာရှိကြီးများသင်တန်း<br>ရဲအရာရှိအတတ်သင်ကျောင်း | တပ်ဖွဲ့ခွဲမှူး<br>တပ်ဖွဲ့ခွဲ (၂) (ရန်ကုန်)<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ |

## အမိန့်ကြော်ငြာစာ (၂၈၇/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဘီ)၊ မြေကွက်အမှတ် (၁/က) ရှိ မြေဧရိယာ ၀.၁၂၄ ဧက၊ မြေကွက်အမှတ် (၂/က) ရှိ မြေဧရိယာ ၁.၄၇၀ ဧက၊ မြေကွက်အမှတ် (၂/ခ) ရှိ မြေဧရိယာ ၁.၅၂၉ ဧက၊ မြေကွက်အမှတ် (၃/က) ရှိ မြေဧရိယာ ၁.၂၄၆ ဧက၊ Block Map အရ လမ်းမြေဧရိယာ ၀.၅၃၉ ဧက၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/လှုံကွဲစမ်း)၊ မြေကွက်အမှတ် (၄/က-၁) ရှိ မြေဧရိယာ ၁.၂၁၄ ဧက၊ မြေကွက်အမှတ် (၇/က) ရှိ မြေဧရိယာ ၁.၄၄၈ ဧက၊ မြေကွက်အမှတ် (၈/က) ရှိ မြေဧရိယာ ၀.၈၄၀ ဧက **စုစုပေါင်းမြေဧရိယာ ၈.၄၁ ဧက** အား **အနုပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်)

၂၀၂၂ခုနှစ်၊ဒီဇင်ဘာလ ၁၉ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၁၊ လစာနှုန်း (၃၃၄,၀၀၀-၂,၀၀၀-၃၄၄,၀၀၀)၊ ဒေါ်သက်သက်ဝင်း အား လစ်လပ်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အထူးကိစ္စရပ်အနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်)

**မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁ ဖြင့် ဖျက်သိမ်းခဲ့ပါသည်။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် **မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးမောင်မောင်ဝင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒေါ်သန်းသန်းလင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဒေါက်တာ စိုးဝင်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပညာရေးဝန်ကြီးဌာန

(ဃ) ဒေါ်သွေးသွေးချစ်　　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( င ) ဒေါက်တာ မာလာမျိုးညွှန့်　　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

( စ ) ဒေါက်တာ သီတာကြူ　　　အဖွဲ့ဝင်
ပါမောက္ခချုပ်
မုံရွာစီးပွားရေးတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာ ခင်မောင်ညွှန့်　　　အကြံပေး
Senior Research Fellow
မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)

( ဇ ) ဒေါက်တာ မျိုးမင်းကြည်ဝင်း　　　အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရန်အတွက် လေ့လာသုံးသပ်အကြံပြုရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) MDI အား လွတ်လပ်သောအဖွဲ့အစည်း (Independent Institute) အဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် သုံးသပ်တင်ပြရန်၊

( ခ ) ဗဟိုကော်မတီနှင့် လုပ်ငန်းအဆင့်ကော်မတီကို ဖွဲ့စည်းနိုင်ရေး အကြံပြုတင်ပြရန်၊

( ဂ ) MDI ကို ပြန်လည်ဖွဲ့စည်းရာ၌ မြန်မာနှင့် ကိုရီးယားတို့အကြား သဘောတူလက်မှတ်ရေးထိုးထားသည့် MOU၊ ROD၊ Master Plan လုပ်ငန်းစီမံချက်တို့ကိုအခြေခံ၍ ၎င်းလုပ်ငန်းစဉ်တို့နှင့် ညီညွတ်မှုရှိသည့် ဖွဲ့စည်းမှုဖြစ်စေရေး ထည့်သွင်းသုံးသပ်ရန်၊

(ဃ) MDI ကို အစိုးရ၏ လူမှု၊ စီးပွားဆိုင်ရာမူဝါဒများကို အထောက်အကူပြုစေမည့် Think Tank ပုံစံဖြင့် ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းရန်၊

( င ) MDI တွင် လိုအပ်သောဝန်ထမ်းများခန့်ထားရေးအတွက် ရာထူးအဆင့်၊ တာဝန်၊ ခံစားခွင့်များအပါအဝင် အကြံပြုတင်ပြရန်၊

( စ ) ဗဟိုကော်မတီနှင့် လုပ်ငန်းအဆင့်ကော်မတီကို ဖွဲ့စည်းရန်အတည်ပြုလျာထားပြီးပါက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူသွားရန်။

၃။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၅/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး၏ ကြိုတင်ခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါဌာနများသို့ ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ဌာနပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်အေးစန္ဒာလွင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန |
| ၂။ | ဦးဇော်လွင်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး |

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၇ ရက်)

အမှတ် ၄၉။ ပြန်ကြားရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်-

(က) ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခ) ဦးကျော်ဝင်းလွင်<br>လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူး (အုပ်ချုပ်/ စီမံ)<br>ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဂ) | ဦးစောမြင့်ဇော်<br>ညွှန်ကြားရေးမှူး (စီမံ)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဃ) | ဦးဇေယျာမင်း<br>ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (င) | ဦးငွေးလှိုင်<br>ညွှန်ကြားရေးမှူး (စီမံ)<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဟန်လင်းအောင်<br>ညွှန်ကြားရေးမှူး (သတင်း)<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဒေါ်သီရိထွန်း<br>ဒုတိယညွှန်ကြားရေးမှူး/ တာဝန်ခံ (မူဝါဒ)<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ဖြူဖြူရည်<br>ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးရုံး<br>အရာထမ်းကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ည) | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>အရာထမ်းကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဋ) | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>အရာထမ်းကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဌ) | ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန<br>အရာထမ်းကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဍ) | သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>အရာထမ်းကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဎ) | ဦးစောလင်းထွန်း<br>လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဦးမိုးစည်သူ<br>ဒုတိယညွှန်ကြားရေးမှူး/ တာဝန်ခံ (စီမံကိန်း)<br>ပြန်ကြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။　ပြန်ကြားရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)　အဂတိလိုက်စားနိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ)　အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးရေးဆောင်ရွက်ခြင်း၊

(ဂ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအစဉ်ချမှတ်ခြင်း၊

(ဃ) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ဖြစ်နိုင်သမျှသော နည်းလမ်းများကိုကျင့်သုံး၍ ကြိုတင်တားဆီးရေး ဆောင်ရွက်ခြင်း၊

(င) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(စ) အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီးနှင့် လိုအပ်ပါက အမိန့်ညွှန်ကြားချက်များနှင့်အညီ အထက်ဌာနများသို့ တင်ပြခြင်း၊

(ဆ) မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုအခွင့်ကောင်းယူ၍ ဝန်ထမ်းတစ်ဦးချင်းအပေါ်တွင်လည်းကောင်း၊ ဌာနအဖွဲ့အစည်းတစ်ခုအပေါ်တွင်လည်းကောင်း အနိုင်ကျင့်ခြင်း၊ အခွင့်အရေးယူခြင်းမပြုရန်။

၃။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ စာအမှတ်၊ ၂-၆ (၇)/ ၂၀၂၂ (၁၆၅၅) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၁၂၃/ ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်)

**အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများ၌ ထိရောက်သည့် ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး အရန်ဆန်ဝယ်ယူစုဆောင်းထားရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး၊ သင့်လျော်သည့် ဈေးနှုန်း၊ သင့်လျော်သည့် အရည်အသွေးနှင့် သိုလှောင်ထားရှိမှု၌ လေလွင့်ပျက်စီးမှုမရှိစေရေးတို့အတွက် အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရခြင်းဖြစ်ပါသည်။

၂။ အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဥက္ကဋ္ဌ — ဒု-ဥက္ကဋ္ဌ (၁)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

| | | |
|---|---|---|
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | ဒု-ဥက္ကဋ္ဌ (၂) |
| (ဃ) | အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ

၃။ အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရန်ဆန်အဖြစ်ဝယ်ယူမည့် ဧည့်မထ ၁၀ ရာခိုင်နှုန်း ဆန် အမျိုးအစား၏ အရည်အသွေးနှင့် စံချိန်စံညွှန်း သတ်မှတ်ပေးခြင်း၊

(ခ) အရန်ဆန်အဖြစ်ဝယ်ယူမည့် ဆန်များကို လိုအပ်သည့် ပမာဏပြည့်မီစေရေးနှင့် အချိန်မီဝယ်ယူရရှိနိုင်ရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အရန်ဆန်ဝယ်ယူရေးအတွက် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေအတွင်းမှ အသက်သာဆုံးနှုန်းထားဖြင့် ဝယ်ယူ စုဆောင်းနိုင်ရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃ) ဝယ်ယူထားသည့် ဆန်များကို အရည်အသွေး၊ အရေအတွက်စစ်ဆေးခြင်းနှင့် စနစ်တကျသိုလှောင် ထားရှိနိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(င) အရန်ဆန်ဝယ်ယူမည့် အစီအမံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူခြင်း၊

(စ) ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် ကုန်ပစ္စည်းသိုလှောင်ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် စနစ်တကျရှိစေရေး ကြပ်မတ်ကွပ်ကဲခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊

(ဆ) အရန်ဆန်ဝယ်ယူသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များပြဋ္ဌာန်းခြင်းနှင့် ကဏ္ဍ အလိုက် တာဝန်သတ်မှတ်ချက်များ ထုတ်ပြန်သတ်မှတ်ပေးခြင်း။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်)

အမှတ် ၂၇၀။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အား အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ (ဆေးဝါး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဒေါ်ယဉ်နွဲ့သူ<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>မွန်ပြည်နယ်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး)<br>ကရင်ပြည်နယ်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိသည် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

### အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်)

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသောအဆောက်အဦ၊ စက်ပစ္စည်းများရရှိရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် **တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (အားကစား)<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (လူငယ်)<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူးချုပ် လူငယ်ရေးရာဦးစီးဌာန — အဖွဲ့ဝင်

( င ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) အားကစားနှင့် ကာယပညာဦးစီးဌာန — အဖွဲ့ဝင်

( စ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) အားကစားနှင့် ကာယပညာဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၃) အားကစားနှင့် ကာယပညာဦးစီးဌာန — အဖွဲ့ဝင်

( ဇ ) ဒုတိယညွှန်ကြားရေးမှူးချုပ် လူငယ်ရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး

မင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်)

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လက်ပံခြေပေါ်-ပခုက္ကူလမ်း (မန္တလေးတိုင်းဒေသကြီးအပိုင်း) ကို ယခင်တိုင်းတာထားသည့် မကွေးနယ်စပ်အထိ အကွာအဝေးအား နုတ်ပယ်၍ အသေးစိတ်ပြန်လည်တိုင်းတာခြင်း၊ လမ်းအူကြောင်းပြန်လည်ပြင်ဆင်ခြင်းတို့ကြောင့် မူလလမ်းမိုင် ၂ မိုင် ၂ ဖာလုံ **အစား** ၇ ဖာလုံ ၅၉၉ ပေအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အဆိုပါ လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

(က) လမ်းမကြီးအမည် - လက်ပံခြေပေါ်-ပခုက္ကူလမ်း (မန္တလေးတိုင်းဒေသကြီး အပိုင်း)။

( ခ ) လမ်းမကြီးအရှည် - ၇ ဖာလုံ ၅၉၉ ပေ သို့မဟုတ် ၁.၅၉၁ ကီလိုမီတာ။

( ဂ ) လမ်းစတင်သည့်နေရာ - ညောင်ဦး-မြင်းခြံလမ်း၏ မိုင်တိုင်အမှတ် (၁၃/၀)၊ ရွာသစ်ကုန်းရွာ။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - လက်ပံခြေပေါ်-ပခုက္ကူလမ်း၏ မိုင်တိုင်အမှတ် (၀/၇) မိုင်အနီး၊ ကုက္ကိုကုန်းရွာ။

( င ) လမ်းအဆင့်အတန်း - နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး။

( စ ) လမ်းနယ်နိမိတ် - ၂၃၀ ပေ။

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၁၆၀၆ မိုင် ၁ ဖာလုံ ၆၁၂ ပေ သို့မဟုတ် ၂၅၈၄.၉၉၄ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၃)

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦးလေဆိပ်- ပုဂံမြို့သစ်လမ်း (လမ်းသစ်) အား လမ်းအူကြောင်း ပြောင်းလဲခြင်းနှင့် အသေးစိတ်ပြန်လည်တိုင်းတာခြင်းတို့ကြောင့် မူလလမ်းမိုင် ၅ မိုင် ၂ ဖာလုံ **အစား** ၅ မိုင် ၃ ဖာလုံ ၁၁၉ ပေအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အဆိုပါ လမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါ အတိုင်း သတ်မှတ်ကြေညာလိုက်သည်-

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | - | ညောင်ဦးလေဆိပ်- ပုဂံမြို့သစ်လမ်း (လမ်းသစ်)။ |
| (ခ) | လမ်းမကြီးအရှည် | - | ၅ မိုင် ၃ ဖာလုံ ၁၁၉ ပေ သို့မဟုတ် ၈.၆၈၇ ကီလိုမီတာ။ |
| (ဂ) | လမ်းစတင်သည့်နေရာ | - | ညောင်ဦးလေဆိပ်လမ်းဆုံ၊ ညောင်ဦးမြို့။ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ချောက်- စဥ့်ကူ- ပုဂံလမ်း၏ မိုင်တိုင်အမှတ် (၁၈/၆)၊ ပုဂံမြို့သစ်။ |
| (င) | လမ်းအဆင့်အတန်း | - | ခရိုင်/ မြို့နယ်များဆက်သွယ်သည့်လမ်း။ |
| (စ) | လမ်းနယ်နိမိတ် | - | ၁၅၀ ပေ။ |

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၁၆၀၆ မိုင် ၃ ဖာလုံ ၇၁ ပေ သို့မဟုတ် ၂၅၈၅.၂၃၁ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၃)

ချောက်- စဥ့်ကူ- ပုဂံလမ်း၏ မကွေးတိုင်းဒေသကြီးအတွင်းရှိ ချောက်-စဥ့်ကူ လမ်းပိုင်း အား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | - | ချောက်- စဥ့်ကူ-ပုဂံလမ်း<br>(ချောက်- စဥ့်ကူလမ်းပိုင်း)။ |
| (ခ) | လမ်းမကြီးအရှည် | - | ၄ မိုင် သို့မဟုတ် ၆.၄၃၇ ကီလိုမီတာ။ |
| (ဂ) | လမ်းစတင်သည့်နေရာ | - | ဝွေးချို-ချောက်- ဆိပ်ဖြူလမ်း၏ မိုင်တိုင်အမှတ် (၁၇/၁)၊<br>ချောက်မြို့။ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ချောက်- စဥ့်ကူ- ပုဂံလမ်း၏ မိုင်တိုင်အမှတ် (၄/၀)၊ ချောက်မြို့။ |
| (င) | လမ်းအဆင့်အတန်း | - | တိုင်းဒေသကြီး/ ပြည်နယ်များဆက်သွယ်သည့်လမ်း။ |
| (စ) | လမ်းနယ်နိမိတ် | - | ၁၅၀ ပေ။ |

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၃)

၁။ ချောက်- စဥ့်ကူ- ပုဂံလမ်း၏ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဥ့်ကူ- ပုဂံ လမ်းပိုင်းအား လမ်းအူကြောင်းပြောင်းလဲခြင်း၊ လမ်းကွေ့များဖြောင့်၍ ပြင်ဆင်ခြင်းနှင့် အသေးစိတ်ပြန်လည်တိုင်းတာခြင်း တို့ကြောင့် မူလလမ်းမိုင် ၁၇ မိုင် ၅ ဖာလုံ **အစား** ၁၇ မိုင် ၃ ဖာလုံ ၅၀၂ ပေအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အဆိုပါ စဥ့်ကူ– ပုဂံ လမ်းပိုင်းအား ၂၀၁၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | – | ချောက်– စဥ့်ကူ– ပုဂံလမ်း (စဥ့်ကူ–ပုဂံ လမ်းပိုင်း)။ |
| (ခ) | လမ်းမကြီးအရှည် | – | ၁၇ မိုင် ၃ ဖာလုံ ၅၀၂ ပေ သို့မဟုတ် ၂၈.၁၁၅ ကီလိုမီတာ။ |
| (ဂ) | လမ်းစတင်သည့်နေရာ | – | ချောက်–စဥ့်ကူ–ပုဂံလမ်း၏ မိုင်တိုင်အမှတ် (၄/၀)၊ ချောက်မြို့။ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | – | ချောက်– စဥ့်ကူ– ပုဂံလမ်း၏ မိုင်တိုင်အမှတ် (၂၁/၃) အနီး၊ ပုဂံမြို့ဟောင်း။ |
| (င) | လမ်းအဆင့်အတန်း | – | တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်သည့်လမ်း။ |
| (စ) | လမ်းနယ်နိမိတ် | – | ၁၅၀ ပေ။ |

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၁၆၀၆ မိုင် ၁ ဖာလုံ ၅၇၃ ပေ သို့မဟုတ် ၂၅၈၄.၉၈၁ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းအေး [၉/ပဥလ (နိုင်) ၀၀၃၃၂၂] အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဝန်ကြီးရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲတွင် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၀၉၆/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့ (ဦးစီးရုံး) မှ စာရင်းစစ်မှူး ဦးကျော်ကိုကိုမြင့် အား ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ ဦးကျော်ကိုကိုမြင့် ကို ကိုယ်ရေးအရာရှိ ခံစားခွင့်ရှိသော အမြင့်ဆုံးလစာနှုန်း (၂၉၅,၀၀၀/-) အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ငွေစာရင်းခွင့်ပြုရန်ပုံငွေမှ ထုတ်ယူခွင့်ပြုလိုက်သည်။

တင်ဦး<br>
ပြည်ထောင်စုစာရင်းစစ်ချုပ်<br>
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၁၂/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁-၂-၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၁၀/၂၀၂၃ အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ဤရုံး၏ ၃-၂-၂၀၂၃ ရက်စွဲပါ စာအမှတ် (၆၇/၂၀၂၃) ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်ဇော်အေး | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) | ဗိုလ်မှူးကြီး စိန်ဝင်း | ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (၃) | ဦးခွန်သိန်းမောင် | ပြည်နယ်စီးပွားရေးရာဝန်ကြီး |
| (၄) | ဦးစိုင်းလိတ် | ပြည်နယ်သယံဇာတရေးရာဝန်ကြီး |
| (၅) | ဦးအေးလှိုင် | ပြည်နယ်လူမှုရေးရာဝန်ကြီး |
| (၆) | ရဲမှူးချုပ် တင်ကိုကို | ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (၇) | ဦးအောင်ကြည်ဝင်း | ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး |
| (၈) | ဦးစိုင်းကျော်ဇံ | ပြည်နယ်ဥပဒေချုပ် |
| (၉) | ဦးစိုင်းသော်ဝင်း | အတွင်းရေးမှူး |

အောင်ဇော်အေး<br>
ပြည်နယ်ဝန်ကြီးချုပ်<br>
ရှမ်းပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်)

အမှတ် ၅၈/၂၀၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | သက်ဖော်ဦး | ကြည်း ၇၉၄၇၈ | ၁၀–၅–၂၀၂၃ |
| (၂) | အောင်မြတ်သူ | ကြည်း ၇၉၄၇၉ | ၁၁–၅–၂၀၂၃ |
| (၃) | မောင်မောင်အေး | ကြည်း ၇၉၄၈၀ | ၁၇–၅–၂၀၂၃ |
| (၄) | တင်ထွန်း | ကြည်း ၇၉၄၈၁ | ၂၅–၅–၂၀၂၃ |
| (၅) | အောင်ဖေမြင့် | ကြည်း ၇၉၄၈၂ | ၂၉–၅–၂၀၂၃ |
| (၆) | ကျော်ဇေမြင့် | ကြည်း ၇၉၄၈၃ | ၃၁–၅–၂၀၂၃ |

## (လေတပ်ဌာနစု)

အမှတ် ၅/၂၀၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

အောင်ထွန်းတင် လေ ၄၆၀၂

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၂၄/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၂၄ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/အမည် (၉၇/စမ်းကြီး)၊ ဦးပိုင်အမှတ် (၂၀/၁) ရှိ **မြေဧရိယာ ၂.၀၀ ဧက** အား **ဓမ္မမေဒိနီကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၅/၂၀၂၃)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ ရေးမြို့မအုပ်စု၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၂၁/မင်းပညာကွင်း)၊ ဦးပိုင်အမှတ် (၃၃/၇၄) ရှိ မြေဧရိယာ ၂.၀၀ ဧက၊ ဦးပိုင်အမှတ် (၃၃^က/၅) ရှိ မြေဧရိယာ ၀.၀၆ ဧက၊ ဦးပိုင်အမှတ် (၃၃^ခ/၄) ရှိ မြေဧရိယာ ၀.၃၂ ဧက **စုစုပေါင်းမြေဧရိယာ ၂.၃၈ ဧက** အား **ဓမ္မဝိဟာရ ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက် (၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Myanmar Ju Heng Company Limited**

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၃ ခုနှစ်၊ မတ်လ (၂၅) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ **Myanmar Ju Heng Company Limited** အား ၂၀၂၃ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် [LL.B, DBL, DIL/ တရားလွှတ်တော်ရှေ့နေ/စဉ်–၁၂၄၈၂/၂၀၁၇ လက်မှတ်ရ Membership of Myanmar Association of Insolvency Practitioners Inc (No.00186)] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၄ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Daw Khin Myint
Director
Myanmar Ju Heng Co., Ltd

Daw Ei Ei Win Naing
LL.B, DBL, DIL
တရားလွှတ်တော်ရှေ့နေ
စဉ်–၁၂၄၈၂/၂၀၁၇
Myanmar Ju Heng Co., Ltd
Membership of MAIP (No.00186)

No. (43), MINN YE KYAW SWAR STREET, HLAING THAR YAR TOWNSHIP, YANGON REGION, MYANMAR.

Ph–09 956058621

## ILPCG LTD

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၃ ခုနှစ်၊ မတ်လ (၁၇) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ **ILPCG LTD** အား ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဒေါ်အိအိဝင်းနိုင် [LL.B, DBL, DIL/တရားလွှတ်တော်ရှေ့နေ/စဉ်-၁၂၄၈၂/၂၀၁၇/(MAIP) Membership No.00186] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U SAI HLA KHAING
Director
ILPCG LTD

ဒေါ်အိအိဝင်းနိုင်
LL.B, DBL, DIL
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၂၄၈၂/၂၀၁၇
(MAIP) Membership (No.00186)

No. (1), Kyansit Thar Street, 6th Ward, Hlaing Thar Yar Township, Yangon.
09 767681697 Email: myintmo.fuhao@gmail.com

## Myanmar An Dian Electronic Company Limited

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၃ ခုနှစ်၊ မတ်လ (၂၅) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ **Myanmar An Dian Electronic Company Limited** အား ၂၀၂၃ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဒေါ်အိအိဝင်းနိုင် [LL.B, DBL, DIL/တရားလွှတ်တော်ရှေ့နေ/စဉ်-၁၂၄၈၂/၂၀၁၇/(MAIP) Membership No.00186] လက်မှတ်ရသူအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Daw Khin Hnin Phyu
Director
Myanmar An Dian Electronic Co., Ltd

ဒေါ်အိအိဝင်းနိုင်
LL.B, DBL, DIL
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၂၄၈၂/၂၀၁၇
(MAIP) Membership (No.00186)

No. (20), U PHOE HLAING STREET, INDUSTRIAL ZONE (1), DAGON SEIKKAN TOWNSHIP, YANGON.
TEL : 013592087

## VENT D'EST (MYANMAR) Co., Ltd

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၃ ခုနှစ်၊ မတ်လ (၂၅) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ **VENT D'EST (MYANMAR) Co., Ltd** အား ၂၀၂၃ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် [LL.B, DBL, DIL/ တရားလွှတ်တော်ရှေ့နေ/စဉ်-၁၂၄၈၂/၂၀၁၇/(MAIP) Membership No.00186] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

MR.TAO, SEN
Director
VENT D'EST (MYANMAR) Co., Ltd

ဒေါ်အိအိဝင်းနိုင်
LL.B, DBL, DIL
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၂၄၈၂/၂၀၁၇
(MAIP) Membership (No.00186)

No. (66/67), 1st Floor, Myittar Street, Ward (4), Mayangone Township, Yangon.

## United Ascent Travel Ware Company Limited

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာချက်

၂၀၂၃ ခုနှစ်၊ မတ်လ (၂၅) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ **United Ascent Travel Ware Company Limited** အား ၂၀၂၃ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် [LL.B, DBL, DIL/တရားလွှတ်တော်ရှေ့နေ/စဉ်-၁၂၄၈၂/၂၀၁၇ လက်မှတ်ရ Membership of Myanmar Association of Insolvency Practitioners Inc (No.00186)] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Mr. Chen Xinmin
Director
United Ascent Travel Ware Co., Ltd

Daw Ei Ei Win Naing
LL.B, DBL, DIL
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၂၄၈၂/၂၀၁၇
United Ascent Travel Ware Co., Ltd
Membership of MAIP (No.00186)

Plot No. (367), Myay Taing Block No. (49), War Ta Yar Industrial Zone, Shwe Pyi Thar Township, Yangon, Myanmar.

## Myanmar Garlic Company Limited

### အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာချက်

၂၀၂၃ ခုနှစ်၊ မတ်လ (၁၄) ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ **Myanmar Garlic Company Limited** အား ၂၀၂၃ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် [LL.B, DBL, DIL/ တရားလွှတ်တော်ရှေ့နေ/စဥ်-၁၂၄၈၂/၂၀၁၇ လက်မှတ်ရ Membership of Myanmar Association of Insolvency Practitioners Inc (No.00186)] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Sai Hla Khaing
Managing Director
Myanmar Garlic Co., Ltd

Daw Ei Ei Win Naing
LL.B, DBL, DIL
တရားလွှတ်တော်ရှေ့နေ
စဥ်-၁၂၄၈၂/၂၀၁၇
Myanmar Garlic Co., Ltd
Membership of MAIP (No.00186)

No. (1), Kyansit Thar Street, 6th Ward, Hlaing Thar Yar Township, Yangon.
09 767681697 Email: myintmo.fuhao@gmail.com

## ဒုန်ဝန် အမ် ဟောက်ဇ် ကုမ္ပဏီလီမိတက်
## (DONGWON M HOUSE COMPANY LIMITED)

### (၂၀၁၇) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ (၃၅၇) အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းဆဲ နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ **ဒုန်ဝန် အမ် ဟောက်ဇ် ကုမ္ပဏီလီမိတက် (DONGWON M HOUSE COMPANY LIMITED)** ဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို (၃၁-၇-၂၀၂၃) နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် အမှတ် (246N2a+246N2b+246N2c+246N2d)၊ ဦးအောင်သူလမ်းနှင့် ဦးမြလမ်းထောင့်၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

Daw Khin Thinn Kyu
B.Com (Q), CPA (PA-517)
Auditor & Liquidator

No. (20/22-B), Cherry Condo, 9th Floor (A), Ma Kyee Kyee Street, Sanchaung Township, Yangon
Email:Khinthinnkyu@gmail.com
09-799993559, 09-799952677, 09-33259177

ပ၊ ထ၊ န - အမှတ် ၆၄၀/၂၂/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၈၁၀/ ၃၀-၆-၂၀၂၃။